မြန်မာနိုင်ငံ။ ။ ရှမ်းပြည်နယ်ရှိ တအောင်းပြည်သူများ ညှင်းပန်းနှိပ်စက်ခံရမှုနှင့် သေဆုံးမှုများကို စုံစမ်းစစ်ဆေးရန်၊ ဖမ်းဆီးထိန်းသိမ်းခံထားရသော သတင်းထောက်များကို လွှတ်ပေးရန်နှင့် တာဝန်ယူမှု/တာဝန်ခံမှု ရှိစေရန် တောင်းဆိုခြင်း။

(ရန်ကုန်၊ ဇူလိုင် ၃၊ ၂၀၁၇)။ ။မြန်မာ့တပ်မတော် စစ်သားများသည် လွန်ခဲ့သော အပါတ်က ရှမ်းပြည်မြောက်ပိုင်းရှိ ရွာတစ်ရွာမှ ဒါဇင်နှင့်ချီသော အရပ်သားများကို တရားဥပဒေမဲ့စွာ ဖမ်းဆီးထိန်းသိမ်းပြီး၊ ညှင်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့သည်ဟု Fortify Rights က ပြောကြားလိုက်သည်။ စစ်တပ်မှ ဖမ်းဆီးခေါ်ဆောင်သွားသော လူများအနက်မှ ရွာသားတစ်ဦး၏ အလောင်းကို နောက်ပိုင်းတွင် ရွာဒေသခံများက ရှာဖွေတွေ့ရှိခဲ့ကြသည်။

Fortify Rights ၏ အမှုဆောင် ဒါရိုက်တာချုပ်ဖြစ်သူ မက်သရူးစမစ်က "အာဏာပိုင်များအနေနှင့် ထိုကျူးလွန်မှုများကို ချက်ချင်း စုံစမ်းစစ်ဆေးပြီး ကျူးလွန်သူများကို တာဝန်ယူစေသင့်သည်" ဟု ပြောကြားလိုက်သည်။ "တပ်မတော်သည် တိုင်းရင်းသား လူမျိုးစုများကို ညှင်းပန်းနှိပ်စက်ခြင်း၊ တရားဥပဒေမဲ့စွာ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် မင်းမဲ့စရိုက်ဆန်စွာ သတ်ဖြတ်ခြင်းများကို ပြုလုပ်ကာ ဆက်လက် အကြမ်းဖက်နေပြီး၊ အရပ်သားအစိုးရက အရေးယူဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်။"

မကြာသေးမီက မြန်မာတပ်မတော်နှင့် တအောင်းအမျိုးသားလွတ်လပ်ရေးပါတီ (TNLA) အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများ အပြီးတွင် မြန်မာ့တပ်မတော် ခြေလျင်အမြန်တပ်ရင်း (LIBs) (၅၀၁) နှင့် (၅၀၃) တို့သည် ဇွန်လ (၂၄) ရက်နေ့က ရှမ်းပြည်မြောက်ပိုင်း နမ့်ဆန်မြို့နယ် မန်လန်ရွာမှ ခန့်မှန်းခြေ အရပ်သား (၂၅၀) ခန့်ကို တရားဥပဒေမဲ့စွာ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ (LIBs) (၅၀၁) နှင့် (၅၀၃) တို့သည် ဒေသခံများကို ဒေသတွင်းဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့ပြီး၊ အမျိုးသားနှင့် အမျိုးသမီးများကို ခွဲခြားထိန်းသိမ်းခဲ့သည်။ အများစုမှာ ငါးရက်ဆက်တိုက် ထိန်းသိမ်း ခံခဲ့ရသည်။

မြန်မာ့တပ်မတော်စစ်သားများက အရပ်သားများကို TNLA အား ထောက်ခံသည်ဟု စွပ်စွဲကာ ကြိုးတုပ်၊ ရိုက်နက်ခဲ့ပြီး၊ သတ်မည်ဟု ခြိမ်းခြောက်ခဲ့ပုံများကို Fortify Rights က မှတ်တမ်းတင်ခဲ့သည်။ စစ်သားများက ဖမ်းဆီးထိန်းသိမ်း ထားသူများကို သင့်လျော်သောအစားအစာ၊ ရေနှင့် အိမ်သာသွားရန် စီစဉ်ပေးခြင်း မရှိခဲ့ပေ။ ထို့ပြင် မြန်မာ့တပ်မတော်သည် အရပ်သားများ၏ လက်ကိုင်ဖုန်းများကို သိမ်းဆည်းခဲ့သည်။

မန်လန်ရွာဒေသခံများသည် စစ်သားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော လူများထဲမှ ရွာသား တစ်ဦး၏ အလောင်းကို နောက်ပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့သည်။

မြန်မာ့တပ်မတော်စစ်သားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော လူအများစုမှာ တအောင်း သို့မဟုတ် ပလောင် ဟု လူသိများပြီး ရှမ်းပြည်မြောက်ပိုင်းတွင် အများဆုံး နေထိုင်ကြသော တိုင်းရင်းသား လူနည်းစု ဖြစ်သည်။ Fortify Rights က ထိုအဖြစ်အပျက်ကို ရင်ဆိုင်အသက်ရှင်ကျန်ခဲ့သူများထဲမှ ၄ ဦးကို တွေ့ဆုံမေးမြန်းခဲ့ပြီး ထိုသူများထဲတွင် အသက် (၂၇)နှစ်၊ (၅၁)နှစ်နှင့် (၆၆) နှစ် အသီးသီး ရှိကြသော အမျိုးသမီး (၃) ဦးနှင့် အသက် (၂၇) နှစ်ရှိ အမျိုးသားတစ်ဦးတို့ ပါဝင်သည်။

Fortify Rightsသည် အသက် (၃၂)နှစ်အရွယ်ရှိသော ကျော်အောင်၏ အသက် (၆၆) နှစ်ရှိ မိခင်ကို စကားပြောခဲ့သည်။ ထိုအမျိုးသား၏ အလောင်းကို ထိုအဖြစ်အပျက်အပြီးတွင် ရှာဖွေတွေ့ရှိခဲ့သည်။ မြန်မာ့တပ်မတော်စစ်သားများသည် ၎င်းတို့ အိမ်ကို ဇွန်လ(၂၅)ရက်နေ့ ည (၁၁)နာရီဝန်းကျင်တွင် ရောက်ရှိလာခဲ့ပြီး၊ ဒေသတွင်း ဘုန်းကြီးကျောင်းသို့ အင်အားသုံးပြီး၊ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထိုဘုန်းကြီးကျောင်းတွင် အခြားဒေသခံများကိုလည်း ဖမ်းဆီးထိန်းသိမ်းထားသည်။

"သူတို့က ကျွန်မတို့ကို တိရိစ္ဆာန်တွေ ဖမ်းသလို ဖမ်းသွားတာပါ" ဟု အသက် (၅၁) နှစ်ရှိ တအောင်း အမျိုးသမီးက Fortify Rights ကို ပြောပြခဲ့သည်။

အသက် (၂၇) နှစ်အရွယ်ရှိ တအောင်းအမျိုးသား မိုင်မိုင်သည် စစ်သားများက ကျော်အောင်ကို ကြိုးနှင့်ချည်ပြီး ရိုက်နှက်ခဲ့သည်ကို ဇူလ (၂၅) ရက်နေ့က မျက်မြင်ကိုယ်တွေ့ကြုံခဲ့သည်။ "သူတို့က သူ့လက်မောင်းတွေကို ကြိုးနဲ့ချည်ပြီး၊ သူ့ကို တအားရိုက်တယ်"ဟု ပြောခဲ့သည်။ "အဲဒီနောက် သူ့ကို ကားနဲ့ ခေါ်သွားတယ်။ အဲ့ဒါပြီးတော့ သူ့အလောင်းကို နမ်လင်နဲ့ မန်လန်ရွာကြားမှာ ကျွန်တော်တို့ ရှာတွေ့တာပဲ။ သူ့ ရုပ်အလောင်းကို တွေ့တော့ သူ သွေးတွေ အများကြီး စိုရွှဲနေတယ်။"

မန်လန်ဒေသခံများက ကျော်အောင်၏ အလောင်းကို ဇွန်လ (၂၇)ရက်နေ့တွင် ရှာတွေ့သောအခါ သူ့ကို သစ်ရွက်တွေနဲ့ ဖုံးထားခံရလျက် သေနေသည်ကို တွေ့ခဲ့ရသည်။ မြန်မာ့တပ်မတော်စစ်သားများ သူ့ကို ဖမ်းစဉ်က ကျော်အောင်မှာ ဂျင်းဘောင်းဘီနှင့် တီရှပ်ဝတ်ထားခဲ့သော်လည်း သူ့အလောင်းကို ရှာတွေ့သော မျက်မြင်သက်သေများက ကျော်အောင်မှာ TNLA စစ်သားဝတ်စုံကို ဝတ်ထားကြောင်းနှင့် ထိုသို့ဖြစ်ရခြင်းမှာ သိသိသာသာ သတ်ဖြတ်ထားခြင်းကို ဆင်ခြေပေးရန် ကြိုးပမ်းမှုတစ်ခုပင် ဖြစ်သည်ဟု ယုံကြည်ရသည်။

စစ်သားတို့သည် ဖမ်းဆီးထိန်းသိမ်းခံထားရသူများကို တိုက်ပွဲဝင်သူများအဖြစ် စွပ်စွဲပြီး ဘုန်းကြီး ကျောင်းတွင် ဖမ်းဆီးထိန်းသိမ်းထားသော အခြား တအောင်းအမျိုးသားတစ်ဦးကို ရိုက်နှက်ခဲ့ကြောင်း Fortify Rights ကို ပြောပြခဲ့သည်။ "မြန်မာ့တပ်မတော်စစ်သားတွေက သစ်သားတုတ်တွေကို သုံးပြီး သူ့ကို မြေပြင်ပေါ် လှဲချဖို့ ပြောခဲ့တယ်။ ပြီးတော့ သူ့ကို ဝိုင်းရိုက်ကြတယ်။ သူ့ကို ခေါင်းရော ခြေထောက်တွေကိုပါ ရိုက်ခဲ့တယ်။ 'မင်းက စစ်သားတစ်ယောက်ပဲ' လို့လည်း သူ့ကို ထပ်ခါထပ်ခါ ပြောခဲ့ကြတယ်။"

"စစ်သားတွေက အဲဒီလူတွေကို စစ်ဆေးမေးမြန်းတော့ ကျွန်တော်တို့ကို ရိုက်နှက်ခဲ့တယ်" ဟု မိုင်မိုင်က ပြောပြခဲ့သည်။ "မင်းတို့တွေရဲ့ ရွာကို ငါတို့ အပြစ်ပေးမယ်။ မင်းတို့ အကုန်လုံးကို ငါတို့ သတ်ပစ်မယ်။ မင်းတို့ တအောင်း မျက်နှာတွေကို ငါတို့ မမြင်ချင်ဘူး။"

ဇွန်(၂၈) တွင် နိုင်ငံတော်ပိုင် Global New Light of Myanmar သတင်းစာက ဇွန်(၂၀) တွင် မန်လန်ကျေးရွာအနီး TNLA လေ့ကျင့်ရေးစခန်းကို ရှာဖွေတွေ့ရှိပြီးနောက် မြန်မာ့တပ်မတော်စစ်သား အနည်းငယ်နှင့် TNLA စစ်သားလေးဦးတို့ တိုက်ပွဲများအတွင်း အသတ်ခံခဲ့ရကြောင်း အစီရင်ခံ အသိပေးခဲ့သည်။ ကာကွယ်ရေးမှူးချုပ်ရုံးက တပ်မတော်အနေနှင့် TNLA ဝတ်စုံလေးဆယ်၊ ပုံများ၊ ဖောက်ခွဲရေးပစ္စည်းများ၊ ဆေးဝါးများနှင့် အစားအစာများကို ထိုစခန်းတွင် ရှာဖွေတွေ့ရှိခဲ့သည်ဟု အစီရင်ခံခဲ့သည်။

ဇွန်(၂၇)တွင် တအောင်းလူမျိုးများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန် ဦးစားပေးသည့် လူထုအခြေပြု အဖွဲ့အစည်းများဖြစ်သော တအောင်းအမျိုးသမီးများအဖွဲ့နှင့် တအောင်းကျောင်းသားနှင့် လူငယ်များအဖွဲ့တို့သည် ဖြစ်နိုင်ခြေရှိသော အင်အားသုံး လူပျောက်မှုများ၊ အရပ်သားများအပေါ် ရက်စက်စွာ တိုက်ခိုက်မှုများ၊ ညှင်းပန်းနှိပ်စက်မှုများ၊ အတင်းအဓမ္မ ခိုင်းစေမှုများ အပါအဝင် ဇွန်(၂၃) မှ ဇွန်(၂၆)အတွင်း တိုက်ပွဲဖြစ်ရာ ဒေသများအတွင်း ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်ထားသော စာစောင် သုံးစောင်ကို သီးခြားစီ ပုံနှိပ်ထုတ်ဝေခဲ့သည်။

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေအရ၊ ပဋိပက္ခတစ်ခုခုနှင့် ဆိုင်သောအကြောင်းရင်းများကြောင့် လွတ်လပ်မှု ဆုံးရှုံးရသော ပုဂ္ဂိုလ်များကို လူသတ်မှု၊ ညှင်းပန်းနှိပ်စက်မှု၊ ရက်စက်ကြမ်းကြုတ်သော၊ လူသားမဆန်သော၊ နှိမ့်ချသော ဆက်ဆံမှုများမှ အကာအကွယ်ပေးရမည်။ ညှင်းပန်းနှိပ်စက်မှုကို မည်သည့်အခြေအနေတွင်မဆိုတားမြစ်ထားသည်။

နိုင်ငံတကာဥပဒေအရ မန်လန်ရွာရှိ ဘုန်းကြီးကျောင်းတွင် ထိန်းသိမ်းထားသော အရပ်သားများကို မြန်မာ့တပ်မတော် စစ်သားများ၏ ကိုင်တွယ်ဆက်ဆံမှုတွင် ညှင်းပန်းနှိပ်စက်မှုနှင့် ရက်စက်ကြမ်းကြုတ်သော၊ လူသားမဆန်သော၊ နှိမ့်ချသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုများ ပါဝင်နေသည် ဟု Fortify Rights က ပြောကြားလိုက်သည်။

ဖွန်(၂၆)တွင် မြန်မာ့တပ်မတော်သည် မြန်မာသတင်းစာဆရာသုံးဦးဖြစ်သော The Irrawaddy မှ သိန်းဇော်ဟုလူသိများသော လဝီဝမ်၊ The Democratic Voice of Burma မှ အေးနိုင်နှင့် ပြည့်ဘုန်းအောင်တို့ကို မြို့နယ်တစ်ခုထဲတွင် ဖမ်းဆီးခဲ့သည်။ ထို့ပြင် မြန်မာ့တပ်မတော်သည် ကားမောင်းသူနှစ်ဦးနှင့် ဘုန်းကြီးတစ်ပါးတို့ကို လမ်းခုလတ်တွင် တားဆီးဖမ်းဆီးခဲ့သည်ဟု သတင်းပို့ချက်များအရ သိရသည်။ ထိုသူအားလုံးကို လက်ရှိတွင် ရှမ်းပြည်မြောက်ပိုင်းရှိ သီပေါ ထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားပြီး တရားမဝင် အသင်းအဖွဲ့များနှင့် ဆက်သွယ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ(၁၇) (က) နှင့် တရားစွဲဆိုထားကာ ဇူလိုင်(၁၁) တွင် ရှမ်းပြည်နယ်၊ သီပေါမြို့နယ်ရှိ တရားရုံးတွင် စစ်ဆေးခံရရန် ရှိသည်။ အပြစ်ရှိသည်ဟု စစ်ဆေးတွေ့ရှိပါက လဝီဝမ်၊ အေးနိုင်၊ ပြည့်ဘုန်းအောင်နှင့် အရပ်သားသုံးဦးတို့သည် အများဆုံး ထောင်ဒဏ်သုံးနှစ် ကျခံရမည် ဖြစ်သည်။

ထိုသတင်းစာဆရာများ အဖမ်းခံခဲ့ရခြင်းမှာ စစ်တပ်က ဖုံးကွယ်ထားစရာများစွာရှိသည့် ဒေသတွင် ၎င်းတို့ လုပ်စရာရှိသော အလုပ်များကို လုပ်ဆောင်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု မက်သရူးစမစ်က ပြောကြားခဲ့သည်။ မည်သည့် သတင်းစာဆရာမှ ၎င်းတို့အလုပ်နှင့် ပတ်သက်ပြီး ဖမ်းဆီးမခံရသင့်ပေ။ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအတွက် လွတ်လပ်သော စာနယ်ဇင်း လောက ရှိရေးသည် အလွန် အဓိကကျ အရေးပါပြီး ယခုကိစ္စတွင် စစ်ပွဲဆိုင်ရာဥပဒေများနှင့် အညီဖြစ်ရေးနှင့် ဆိုင်သည်။

ဖွန်(၂၈)တွင် The Irrawaddy က လဝီဝမ်သည် ဖြစ်နိုင်ခြေရှိသော မြန်မာ့တပ်မတော်က တအောင်းလူမျိုးများ ဖမ်းဆီးညှင်းပန်းနှိပ်စက်မှုကို စုံစမ်းရန် ရည်ရွယ်ခဲ့သည်ဟု အစီရင်ခံခဲ့သည်။ မေ(၂၈)တွင် Fortify Rights က LID-88 နှင့် တပ်သားများက လက်ကို ကြိုးတုပ်ထားသော မည်သူမှန်း မသိရသည့် အရပ်သားဝတ်စုံ ဝတ်ဆင်ထားသော တိုင်းရင်းသား အမျိုးသားခြောက်ဦးကို ရက်စက်ကြမ်းကြုတ်စွာ ရိုက်နှက်နေသည့် မြင်ကွင်းများပါဝင်သော ရုပ်ရှင်အတိုတစ်ခုကို Fortify Rights က ထုတ်ပြန် ပြသခဲ့သည်။ ဗွီဒီယိုထဲတွင် ပါဝင်သော စစ်သားများသည် ဖမ်းဆီးထိန်းသိမ်း ခံထားရသူများကို သတ်မည်ဟု ခြိမ်းခြောက်ခဲ့ပြီး ၎င်းတို့ကို "ပလောင်တိုက်ခိုက်သူများ" ဖြစ်သည်ဟု စွပ်စွဲခဲ့ရာ TNLA ကို ရည်ညွှန်းပြောဆိုခဲ့သည်ဟု ယူဆရသည်။ မြန်မာ့တပ်မတော်စစ်သားများ၏ ရုပ်ရည်သွင်ပြင်ကို ထိုရုပ်ရှင်ထဲတွင် ကောင်းစွာမြင်နိုင်သည်။

မေ ၃၁ တွင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရုံးက "ထိုဖြစ်စဉ်ကို စုံစမ်းနေပြီး၊ အလွဲသုံးစားပြုမှု တစ်စုံတစ်ရာ ရှာဖွေတွေ့ရှိပါက ပြစ်မှုကျူးလွန်သူများကို တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်း များနှင့် အညီ အရေးယူသွားမည် ဖြစ်သည်"ဟု ကြေညာခဲ့သည်။

ကာကွယ်ရေးဦးစီးမှူးချုပ်ရုံးကလည်း မေ(၃၁)တွင် ဗွီဒီယိုနှင့် ပတ်သက်သော ရှားပါးသည့် ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး၊ "တပ်မတော်က အရပ်သား အကြမ်းဖက်သမား လေးဦးကို ဖမ်းဆီးခဲ့မိပြီး အချို့စစ်သားများက ၎င်းတို့ကို ကိုယ်ထိလက်ရောက် စော်ကားခဲ့သည်"ဟု ဖော်ပြကာ၊ "တာဝန်ခံ အရာရှိများက အမှန်တရား ပေါ်ပေါက်ရန် စုံစမ်းစစ်ဆေး နေသည်"ဟု ဆက်လက်ဖော်ပြထားသည်။

ထိုထုတ်ပြန်ချက်ကို ရေးသည့်အချိန်တွင် အာဏာပိုင်များသည် မြန်မာ့တပ်မတော်စစ်သားများ သို့မဟုတ် အရပ်သားများ ပါဝင်သော စစ်တပ်ဝင်များကို ၎င်းတို့၏ ရာဇဝတ်မှုများအတွက် တရားစွဲဆိုခဲ့ခြင်း မရှိခဲ့ပေ။

မေ(၂၄)တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက "အချက်အလက်များနှင့် စစ်တပ်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော လတ်တလော လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ အခြေအနေများကို ရှာဖွေ အတည်ပြုရန်နှင့် ထိုသို့ ဆောင်ရွက်ရာတွင် ပြစ်မှုကျူးလွန်သူများအနေနှင့် အပြည့်အဝ တာဝန်ယူ/တာဝန်ခံမှု ရှိစေရန်နှင့် ဓားစာခံများအပေါ် တရားမျှတမှု ရှိစေရန် ရည်ရွယ်သည်။" မေလတွင် မြန်မာနိုင်ငံအခြေစိုက် အရပ်သားလူမှု အဖွဲ့အစည်းပေါင်း (၅၉)ခုက အချက်အလက်ရှာဖွေရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် မြန်မာအစိုးရကို တောင်းဆိုခဲ့သည်။

ဖွန်(၃၀)တွင် မြန်မာအစိုးရက ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအသင်းကို ပြည်ဝင်ခွင့်ပေးမည် မဟုတ်ဟု ကြေညာခဲ့သည်။

"တိုင်းရင်းသား အရပ်သားများအပေါ် ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများသည် လက်တွေ့တွင် ဖြစ်ပွားလျက်ရှိသည်"ဟု မက်သရူးစမစ်က ပြောကြားခဲ့သည်။ "ထိုအရေးနှင့် ပတ်သက်ပြီး များပြားသော၊ လူမျိုးစုံပါဝင်သည့် အရပ်သား လူမှုအသိုင်းအဝိုင်းက ပြောပြခဲ့သည်။ အချက်အလက် ရှာဖွေရေးအဖွဲ့က ထိုအချက်အလက်များ အတည်ဖြစ်ရေး အကူအညီပေးမည် ဖြစ်သည်။ ထိုအဖွဲ့ကို မြန်မာနိုင်ငံတွင်း ဝင်ရောက်ခွင့် ငြင်းပယ်ရန် ခုခံကာကွယ်နိုင်သည့် အကြောင်းရင်း မရှိပေ။"